ရွှေပါရမီစာစဉ်(၂၈)


အရှင်ဆန္ဒာဓိက
ရွှေပါရမီ တောရ


# စိတ်အားဖြည့်ဓမ္မရှုကွက်နု



အားမှ သေမှာလား၊ သေမှ အားမှာလား

ကမ္ဘာပေါ်မှာ နေ့စဉ်နဲ့အမျှ
လူတွေ မရေမတွက်နိုင်အောင်
သေနေကြတာ၊
အားလို့သေတဲ့ မသာ
တစ်ယောက်မှ မရှိပါဘူး။
မအားတဲ့ကြားထဲက
သေသွားကြတဲ့ မသာတွေချည်းပါပဲ။
သေမင်းက သူခေါ်ချိန်တန်ရင်
အားတဲ့သူကိုလည်း ခေါ်မှာပါ၊
မအားတဲ့သူကိုလည်း ခေါ်မှာပါ၊
သေမင်းမှာ တပည့်မွေးပြီး
လူရွေးတဲ့မူ မရှိပါဘူး။
ဒီတော့ မအားတဲ့ကြားထဲက
သေမင်းလာခေါ်ရင်
အချိန်မရွေးလိုက်သွားရမှာပဲ
ဆိုတာကို ကြိုတင်ပြီးတော့
နှလုံးသွင်းဆင်ခြင်ထားမယ်ဆိုရင်
မအားလို့ပါဆိုတဲ့ အကြောင်းပြချက်နဲ့
တရားဓမ္မကို
မျက်နှာလွှဲတဲ့အဖြစ်ကို
ရောက်မှာမဟုတ်တော့ပါဘူး။

အလုပ်တိုင်းကို အလေးထားမှ

ခေါင်းဆောင်ကောင်း

သားကြီးတို့၊ တပည့်ကြီးတို့ဆိုတာ
မိဘတို့၊ ဆရာသမားတို့ရဲ့
လက်လွှဲရလောက်အောင်
အားကိုးထိုက်တဲ့
ခေါင်းဆောင်ကောင်းတွေ
ဖြစ်သင့်ပါတယ်။
ခေါင်းဆောင်ကောင်းပီသဖို့
ဆိုတာကလည်း
အမိန့်ပေးနေရုံ၊
လမ်းညွှန်နေရုံနဲ့ မပြီးဘဲ
ကိုယ်ကိုယ်တိုင်
အောက်ခြေသိမ်းကစပြီး
လုပ်သင့်တဲ့အလုပ်တွေကို
လူမြင်ရာ
ရှေ့နားကနေပဲဖြစ်ဖြစ်၊
လူကွယ်ရာ
နောက်နားကနေပဲဖြစ်ဖြစ်
စေတနာပါပါ၊ မေတ္တာပြည့်ပြည့်နဲ့
စေ့စေ့စပ်စပ်
လုပ်ဆောင်သွားတတ်ဖို့
အထူးလိုအပ်ပါတယ်။

သဘောတရားအတွေးစတစ်ခု
တရားသဘောစကားစုတစ်ခုဟာ
လူတစ်ယောက်ရဲ့စိတ်ဓာတ်နဲ့ ဘဝကို
အကြီးအကျယ် ပြောင်းလဲသွားစေနိုင်ပါတယ် ။
ဒီစာအုပ်မှာ ပါတဲ့ စကားစုတွေကို
တစ်နေ့တစ်ခုပဲ ဖတ်ပြီး
အဲဒီတစ်နေ့လုံး အဲဒီတစ်ခုကိုပဲ
အထပ်ထပ် နှလုံးသွင်းဆင်ခြင်ပါ ။
အံ့ဩဖွယ်ကောင်းလောက်အောင်
စိတ်အားတွေ ပြည့်ဝလာပါလိမ့်မယ် ။